**လူဝင်မှုကြီးကြပ်ရေးနှင့်နေထိုင်ခွင့်စီမံခန့်ခွဲမှုဦးစီးဌာနမှ အသိပေးချက်**

世界をつなぐ。未来をつくる。
出入国在留管理庁
Immigration Services Agency

**～၂၀၂၆ ခုနှစ် ကူမာမိုတိုငလျင်ကြောင့် နေထိုင်ခွင့်ဆိုင်ရာ လျှောက်ထားမှုများအား ဆောင်ရွက်ပေးခြင်းနှင့် ပတ်သက်၍～**

၂၀၂၆ ခုနှစ်ဇူလိုင်လ

ယခုဖြစ်ပွားခဲ့သော "၂၀၂၆ ခုနှစ် ကူမာမိုတိုငလျင်" ၏ သက်ရောက်မှုကြောင့် သတ်မှတ်ထားသော ကာလနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန (လဝက) သို့ လျှောက်လွှာတင်ရန် အခက်အခဲရှိနေသူများ (မတင်နိုင်ခဲ့သူများ) အတွက် အသိပေးအပ်ပါသည်။

## 1　နေထိုင်ခွင့်ဆိုင်ရာ လျှောက်ထားမှုများကို လက်ခံမည့်ကာလနှင့် ပတ်သက်၍

ငလျင်ဒဏ်ကြောင့် နေထိုင်ခွင့်သက်တမ်းအတွင်း လျှောက်လွှာမတင်နိုင်ခဲ့သူများ အနေဖြင့် လတ်တလောကာလအတွင်း နေထိုင်ခွင့်သက်တမ်း ကျော်လွန်သွားသည့်တိုင် တစ်ဦးချင်းစီအလိုက် အထူးကိစ္စရပ်အဖြစ် ဆောင်ရွက်ပေးသွားမည် ဖြစ်သောကြောင့် နီးစပ်ရာ လဝကတွင် လျှောက်ထားရန်အတွက် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ပါ။

## 2　နေထိုင်ခွင့်ဆိုင်ရာ လျှောက်ထားရမည့်နေရာနှင့် ပတ်သက်၍

ငလျင်ဒဏ်ကြောင့် မူလနေရပ်မှ ယာယီရွှေ့ပြောင်း/ခိုလှုံနေသူများ အနေဖြင့် လက်ရှိရောက်ရှိနေသော နေရာကို တာဝန်ယူသည့် လဝကတွင် လျှောက်ထားနိုင်ပါသည်။

**အထက်ပါ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ သိရှိလိုသည်များရှိပါက နီးစပ်ရာ ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန (လဝက) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

※ ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနများ၏ တည်နေရာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များကို အောက်ပါ URL တွင် ကြည့်ရှုနိုင်ပါသည်။

URL https://www.moj.go.jp/isa/about/region/index.html